# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၅-၆-၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ရမည်းသင်းခရိုင် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံအား ခရိုင်ဘဏ်နှင့် သင့်တော်သော အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ဖာပွန်မြို့ရှိ အန္တရာယ်ရှိသော အားကစားရုံကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **မြောက်ဥက္ကလာပမြို့နယ်အတွင်း ရေကြီးရေလျှံမှုများသည် အခြေအနေ ဆိုးရွားနေဆဲဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသန့်ဇင်၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက် မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လူနာတင်ယာဉ်တစ်စီး ချမှတ်ပေးရန်နှင့် လယ်တီကျေးလက်ကျန်းမာရေးဌာနအား (၁၆)ခုတင်ဆံ့ တိုက်နယ် ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ချမှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းကျော်မြင့်၊ မိုးနဲ မဲဆန္ဒနယ်၏ **ကျိုင်းတောင်းမြို့နယ်ခွဲ ပြည်သူ့ ဆေးရုံအတွက် ဆရာဝန်နှင့် အခြားအရေးကြီးသော ဝန်ထမ်းများ ခန့်ထားပေးရန်နှင့် ဆေးရုံဝင်း ခြံစည်းရိုး ကာရံပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ဆရာဝန်ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူ များအား အရည်အချင်းစစ် စာမေးပွဲဖြင့် ရွေးချယ်ခန့်အပ်ခြင်း မပြုဘဲ ဘွဲ့ရအမှတ်စဉ်အလိုက် အလုပ်ခန့်အပ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ လွန်ခဲ့သော (၁၀)နှစ်မှ နှစ်အလိုက် ဆေးပညာဘွဲ့ရ ဦးရေနှင့် အလုပ်ခန့်နိုင်မှုဦးရေ၊ယခုအချိန်တွင် အလုပ်ခွင်သို့ ဝင်ရောက်ခွင့် မရသေးသည့်ဦးရေနှင့် နောင်တွင် ဘွဲ့ရလာမည့် ဆရာဝန်များ လုပ်ငန်းခွင်သို့ အချိန်နှင့် တပြေးညီ ဝင်ရောက်နိုင်ရေးအတွက် မည်သို့ စီမံချက်များချမှတ်ထားသည်ကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **ADSLအင်တာနက်သုံးစွဲသူများ အတွက် လစဉ်ကျသင့်ငွေများကို တယ်လီဖုန်းခေါ်ဆိုခများကဲ့သို့ ပြောင်းလဲကောက်ခံရန်၊ ငွေတောင်းခံလွှာများကို သုံးစွဲသူများထံ အချိန်မီစာတိုက်မှဖြစ်စေ၊ Online မှ ဖြစ်စေ တောင်းခံရန်နှင့် ADSL အင်တာနက် ချို့ယွင်းမှုရှိပါက တာဝန်ခံ ဖြေရှင်းပေးမည့် Service ဌာနတစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ရန် အစီအစဉ် ရှိ၊မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က **"တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များတွင် အနိမ့်ဆုံး ခုတင်(၅၀)ဆံ့၊ ခရိုင်မြို့ကြီးများတွင် (၂၅)ခုတင်ဆံ့နှင့် မြို့နယ်များတွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံများနှင့် ကျေးရွာအုပ်စုများတွင် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပို့ဆောင်ရေးဝန်ကြီးဌာနက **" ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၈။ **" ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၉။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **" ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။